

Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org

Kids of Destiny®
Reaching the Next Generation

## 1. **ဧကရန်းမ** (The Beginning)

### အစပြုခြင်း The Beginning

ကမ္ဘာဦးကျမ်း ၁း၁ – ၂း၃။

အချိန်ကာလစတင်ချိန်တွင်၊ ဘုရားတစ်ပါးတည်းသာရှိခဲ့သည်။အခြားမည်သူမျှ၊ဘာတစ်ခုမျှမရှိ၊ ဘုရားသည် ဖန်ဆင်းသူ(ဖန်ဆင်းရှင်)ဖြစ်သည်။တစ်နည်းအားဖြင့် သူသည် တည်ဆောက်သူ၊ကျွမ်းကျင်ပြောင်မြောက်သူဖြစ်သည်။သူ ထံတွင် ကြီးမားသည့်အကြံအစည်အမြဲတမ်းရှိသည်။

ကမ္ဘာကြီးသည် ဘာမျှမရှိပဲအမှောင်ကျနေသည်။ဘုရား၏ပထမအစီစဉ်မှာ အလင်းဖြစ်လာစေဖို့ဖြစ်သည်။အလင်းဖြစ်စေဟု ပြောလိုက်သည့်အခါ၊ကမ္ဘာကြီးထဲတွင် အလင်းပေါ်ထွက်လာသည်။အလင်းရှိသည့်အချိန်အပိုင်းအခြားကို နေ့ဟုခေါ်ပြီး၊ အမှောင်ရှိသည့်အချိန်အပိုင်းအခြားကိုညဟုခေါ်သည်။

ဒုတိယမြောက်နေ့တွင် "ရေနှင့်ကုန်းမြေကို ငါပိုင်းခြားမည်"ဟုဘုရားသခင်ပြောသည်။ရေမျက်နှာပြင်အထက် လေထုရှိသည့် အရပ်ကို မိုးကောင်းကင်ဟု ဘုရားသခင် ခေါ်ဆိုသတ်မှတ်ခဲ့သည်။

တတိယနေ့မြောက်တွင် အပင်များ၊ပန်းများ၊တောများ၊တောင်များပါဝင်သည့်ကုန်းမြေကိုဖန်ဆင်းခဲ့သည်။

စတုတ္ထနေ့မြောက်တွင်(လေးရက်နေ့မြောက်တွင်) အတောက်ပဆုံးအလင်းဖြစ်သည့် 'နေ' ကို မိုးကောင်းကင်တွင် ထားရှိလိုက်ပြီး၊ညအချိန်တွက် မိုးကောင်းကင်တွင် လင်းလက်သည့် လနှင့်ကြယ်များကိုထားရှိလိုက်သည်။

ပဉ္စမနေ့မြောက်(ငါးရက်နေ့မြောက်)တွင် ဘုရားသည်၊ရေထဲတွင်အသက်ရှင်သာသတ္တဝါမ်ားပြည့်သွားစေဟုပြောဆိုခဲ့သည်။
"မြေကြီးအထက် လေထုရှိသည့်နေရာတင် ငှက်အမျိုးမျိုးပျံသန်းစေ"ဟုပြောဆိုခဲ့သည်။
ဆဌမ(ခြောက်ရက်)နေ့မြောက်တွင်၊တွားသွားသည့်၊ဝပ်သွားသည့်၊ခုန်ဆွသည့်၊ခုန်ပေါက်သည့်တိရစ္ဆာမှန်သမျှကိုဖန် ဆင်းခဲ့၏။

ထို့နောက်၊ပထမဦးဆုံးသောလူဖြစ်သည့် အာဒံဟုခေါ်သောသူနှင့်သူ၏ဇနီးဖြစ်သည့် ဧဝဟုခေါ်သူကိုဖန်ဆင်းခဲ့သည်။
ဘုရားသည် ထိုလူများကို သူ၏ပုံသဏ္ဍာန်နှင့်အညီဖန်ဆင်းခဲ့သည်၊ထိုကြောင့် သင်သည်လည်း ထိုသို့ဘုရားနှင့်တူ အောင်ဖန်ဆင်းခံရသည်။

ဘုရားသည် စကြာဝဠာကြီးတစ်လုံးကိုဖန်ဆင်းခြင်းပြီးသည့်အခါ၊ အပင်းတစ်ခုစီတိုင်းကိုကြည့်ပြီး၊ထိုတစ်ခုစီတိုင်းကို ကောင်းသည်ဟုပြောခဲ့သည်၊ ငါးများ၊ကုန်းမြေများ၊ကြယ်များနှင့်လူ အားလုံးစုံကိုကြည့်ပြီးကောင်းသည်ဟုပြောခဲ့သည်။

ဘုရားသည် သူ၏လုပ်ဆောင်မှုမှန်သမျှကောင်းသည်ကိုကြည့်မြင်ပြီးနောက်၊သတ္တမနေ့(ခုနစ်ရက်နေ့)မြောက်ကို အနားယူသည့်နေ့ဖြစ်စေသည်၊ကမ္ဘာကြီးဖန်ဆင်းခြင်းကိုအဆုံးသတ်လိုက်သည်၊ထိုအထဲရှိအရာရာတိုင်းသည်ကောင်းမွန်သည်။

ဆာလံ ၁၃၉း၁၄ "အကျွန်ုပ်သည် ကြောက်မက်ဖွယ်သောလက္ခဏာ၊ထူးဆန်းသောလက္ခဏာနှင့်ပြည့်စုံသည်ဖြစ်၍ ကိုယ်တော်ကိုချီးမွမ်းပါမည်၊ပြုပြင်တော်မူသောအမှုတို့သည်အံ့ဩဖွယ်ဖြစ်ကြောင်းကို အကျွန်ုပ်စိတ်ဝိညာဉ်သည်အမှန်သိပါ၏။"

Kids of Destiny®
Reaching the Next Generation

## **အစပြုခြင်း** – ဆရာများအတွက်လမ်းညွှန် The Beginning – Teacher’s guide

အချိန်ကာလစတင်ချိန်တွင်၊ဘုရားတစ်ပါးတည်းသာရှိခဲ့သည်။ကမ္ဘာကြီးမရှိခဲ့ပါ၊ဘုရားသခင်သည် ဖန်ဆင်းသူ၊တည်ဆောက်သူ၊ ကျွမ်းကျင်ပြောင်မြောက်သူ၊ဖြစ်သည်။အချိန်ကာလစတင်ချန်တွင် ဘာမျှမရှိ အခြားမည်သူတစ်ဦးမျှမရှိ။

ဘုရားစကားပြောလိုက်သည့်အခါ ဖြစ်ပွားလာသည်။ အလင်းဖြစ်စေဟုပြောလိုက်သည့်အခါ အလင်းဖြစ်လာသည်။

ဘုရားသခင်သည် အချိန်ယပြီး ဖန်ဆင်းခြင်းကိုပြုခဲ့သည်၊သစ်ပင်များ၊မြေကြီးနှင့်မိုးကောင်းကင်ကိုလည်း ပိုင်းပိုင်း ခြားခြားဖန်ဆင်းသည်၊ရေနေသတ္တဝါများ၊ငှက်များ၊အလင်း၊နေ၊လ၊ကြယ် စသည့်အားလုံးကိုဖန်ဆင်းခဲ့သည်။

ဘုရားသည် သူဖန်ဆင်းပြီးသမျှအရာအားလုံးကိုနှစ်သက်ကျေနပ်သည်၊ထို့ကြောင့် ဖန်ဆင်းခြင်း၏ခုနစ်ရက်နေ့မြောက်တွင် သူ အနားယူခဲ့သည်။

မေးခွန်းများ

အချိန်ကာလစတင်သည့်အချိန်တွင် ထိုနေရာ၌မည်သူရှိခဲ့သနည်း။
ပထဦးဆုံး ဘုရားသခင်မည်သည့်အရာကိုဖန်ဆင်းခဲ့သနည်း။
ဘုရားဖန်ဆင်းသည့်အရာများထဲမှအချို့သောအရာကိုဖော်ပြပေးပါ။
ဘုရားသခင်သည် သူ၏အသွင်သဏ္ဍာန်နှင့်တူအောင်မည်သူ့ကိုဖန်ဆင်းခဲ့သနည်း။
ဖန်ဆင်းခြင်း၏ခုနစ်ရက်နေ့မြောက်တွင် ဘုရားသခင်မည်သည့်အရာကိုပြုခဲ့သနည်း။

အဖြေများ

အစအဦးတွင် ဘုရားသခင်တစ်ပါးတည်းသာရှိခဲ့သည်။

အလင်းကိုဦးဆုံး ဘုရားသခင်ဖန်ဆင်းသည်။

အပင်များ၊တိရစ္ဆာန်များ၊မိုးကောင်းကင် စသည်များကိုလည်းဖန်ဆင်းသည်။

ဘုရားသည် လူကိုသူ၏သဏ္ဍာနနှင့်အညီဖန်ဆင်းသည်။ ပထဦးဆုံးလူဖြစ်သည့်အာဒနှင့်ဇနီးသည် ဧဝကိုဖန်ဆင်းသည်။

ဖန်ဆင်းခြင်း၏ခုနစ်ရက်နေ့မြောက်တွင် ဘုရားသခင်အနားယူခဲ့သည်။



www.kidsofdestiny.org